ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR
KAREN STATE
2-9 JUNE 2015

# တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး သတင်းထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်

တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်နေ့မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။

ထိုအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) မှ ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့မှ (၂၄) ရက်နေ့အထိ ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးပွဲရလဒ်များကို ထိပ်သီးခေါင်းဆောင်များထံသို့ အစီရင်ခံတင်ပြခဲ့သည်။

ထိပ်သီးခေါင်းဆောင်များသည် အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့မှတင်ပြသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (မူကြမ်း) ပါအချက်များ ပြင်ဆင်ဖြည့်စွက်သည့်ကိစ္စ၊ စာချုပ်လက်မှတ်ရေးထိုးမည့်သူများကိစ္စ၊ အသိသက်သေများကိစ္စတို့နှင့်ပတ်သက်၍ အတည်ပြုခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့အား ဆက်လက်ညှိနှိုင်းရန် တာဝန်ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဤထိပ်သီးအစည်းအဝေးတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးရာတွင် အားလုံးပါဝင်ရေးကိစ္စကို အထူးအလေးပေးဆွေးနွေးခဲ့ကြပြီး အနည်းဆုံး NCCT အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးပါဝင်နိုင်ရေးကို အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့မှ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့သည်။


**ဆက်သွယ်ရန် -**

(၁) ပူးဇင်ကျုံး + ၆၆ (၀) ၈၃ ၈၅၃ ၁၉၃၂
(၂) ပဒိုစောကွယ်ထူးဝင်း + ၆၆ (၀) ၈၁ ၈၀၇ ၆၂၇၉ ၊ + ၉၅ (၀) ၉ ၄၂၂ ၁၉၁ ၉၄၁
(၂) နိုင်ဟံသာ + ၆၆ (၀) ၈၀ ၅၀၃ ၀၈၄၉ ၊ + ၉၅ (၀) ၉ ၂၅၀ ၈၅၁ ၈၈၁

သတင်းနှင့်ပြန်ကြားရေးအဖွဲ့
အီးမေးလ်- sd.media.eaos@gmail.com
ဖုန်း - +၆၆ (၀) ၉၈ ၈၅၀ ၉၁၅၃